# နိုဗယ်ကိုရိုနာဗိုင်းရပ်စ် (COVID-19) နှင့်စပ်လျဉ်းသည့် နောက်ဆုံးရသတင်းအချက်အလက်များ

မြန်မာနိုင်ငံရှိ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်များ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ

## #COVID19 ဆိုင်ရာ ဒေသတွင်း လှုပ်ရှားဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ထိခိုက်အလွယ်ဆုံးသူများကို ကူညီပံ့ပိုးခြင်း











ကမ္ဘာလုံးဆိုင်ရာအခြေအနေကို

## စုစုပေါင်း CHF သန်း ၈၀၀

၂၀၂၀ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် စတင်သော အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီနှင့် ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုကို လေ့လာရန် ယခုလင့်ခ်ကို နှိပ်ပါ။ here

## ထိုပမာဏမှ CHF သန်း ၄၀၀ ကို

ပြည်တွင်း၌ပင် နိုင်ငံတွင်းအဖွဲ့အစည်းများမှ မတည်ပေးရန်ဖြစ်ပြီး၊

## CHF သန်းပေါင်း ၁၅၀ ကို

ကျန်းမာရေးစောင့်ရှောက်မှု၊ ရိက္ခာပစ္စည်းများကြိုတင်နေရာချထားခြင်း၊ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို အသိပေးခြင်း၊ ဒေသတွင်းတုံ့ပြန်လှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာ ကွန်ယက်မှတဆင့် သင်ခန်းစာယူလေ့လာခြင်း၊ မိသားစုများအတွက် ငွေကြေးထောက်ပံ့မှုများ နှင့် ကျယ်ကျယ်ပြန့်ပြန့်ရောဂါပြန့်ပွားမှု၏ အကျိုးဆက်များကို လျှော့ချခြင်း စသည်တို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် ကြက်ခြေနီနှင့်လခြမ်းနီ အသင်းအဖွဲ့များကို ပံ့ပိုးကူညီပေးရန်ရည်ရွယ်၍ IFRC အတွက် ရည်စူးထားသည်ပြီး၊ ယင်းအကြောင်းအရာ အသေးစိတ်လေ့လာနိုင်ရန် ယခုလင့်ခ်ကို နှိပ်ပါ။ here

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) နှင့် ယင်း၏အဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအပါအဝင် ကြက်ခြေနီနှင့်လခြမ်းနီ အဖွဲ့အစည်း ပေါင်း ၁၉၂ ဖွဲ့သည် ယခုကဲ့သို့ အကြပ်အတည်းကာလများတွင် **ရပ်ရွာတွင်း ရှေ့တန်းမှ တုံ့ပြန်ဆောင်ရွက်သူများ** ပင်ဖြစ်ကြသည်။ ဒေသတွင်း ရုံးပေါင်း ၁၆၀,၀၀၀ ကျော်နှင့် ယုံကြည်အားထားရသော စေတနာလုပ်အားရှင် များနှင့် ဝန်ထမ်းပေါင်း ၁၃ သန်းကျော်တို့ဖြင့် ကျွန်ုပ်တို့သည် မကြာသေးမီကာလစတင်ဖြစ်ပွားခဲ့သော ကမ္ဘာပေါ်တွင် မကြုံစဖူး ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်သည့် COVID – 19 ဗိုင်းရပ်စ် ပြန့်ပွားမှုအပေါ် လူအများနှင့် ရပ်ရွာလူထုတို့မှ ကြိုတင်ပြင်ဆင်နိုင်စေရန်နှင့် ယင်းအခြေအနေများကို တုံ့ပြန်ဆောင်ရွက်နိုင်စေရန် **စီစဉ်ထားရှိပြီး**ဖြစ်သည်။

IFRC မြန်မာနိုင်ငံရုံး၏ ပံ့ပိုးကူညီမှုဖြင့် **မြန်မာနိုင်ငံကြက်ခြေနီအသင်း(MRCS)** သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MoHS) ၏ လမ်းညွှန်ချက်များအတိုင်း နိုင်ငံအတွင်း COVID 19 ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အသင်းခွဲ ပေါင်း ၃၃၀ မှ ကြက်ခြေနီစေတနာလုပ်အားရှင် လေးသောင်းကျော် တို့မှ ရပ်ရွာလူထုအတွင်း ရောဂါကာကွယ်ရေး လုပ်ငန်းများကို အတတ်နိုင်ဆုံး ပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရပ်ရွာလူထုအပါအဝင် နိုင်ငံတွင်းရှိ ရပ်ရွာလူထုအနှံ့သို့ လက်လှမ်းမီရောက်ရှိနိုင်စေသော အကျိုးကျေးဇူး ရှိခဲ့သည်။











## ၂၀၂၀ ခုနှစ် မတ်လ ၃၀ ရက်နေ့အထိ MRCS ၏ အရေးပေါ်လုပ်ငန်းဆောင်ရွက်ချက် (EPoA) များဆိုင်ရာ အရေးကြီးအချက်များ

ရည်ရွယ်ချက် - MRCS ၏ COVID-19 တုံ့ပြန်ဆောင်ရွက်မှုများသည် ဗိုင်းရပ်စ်ပိုးကူးစက်ပြန့်ပွားမှုကို ကာကွယ်တားဆီးခြင်း သို့မဟုတ် နှောင့်နှေးစေခြင်း၊ နှင့် ရောဂါဖြစ်ပွားမှုကို ခံစားရသော ရပ်ရွာများအနေဖြင့် အခြေခံ လူမှုကရုဏာလုပ်ငန်းများကို လက်လှမ်းမီ ရယူနိုင်စေရန်နှင့် ၎င်းတို့ရပ်ရွာများကိုယ်တိုင် မိမိတို့ရပ်ရွာကို ဂုဏ်သိက္ခာရှိရှိ ထောက်ပံ့ပေးနိုင်စေရန် ကူညီပေးခြင်း အားဖြင့် COVID -19 ရောဂါပြန့်ပွားမှုကြောင့် ခံစားရသည့် ဆင်းရဲဒုက္ခများ၊ သေဆုံးမှုများ နှင့် လူမှုရေးအကျိုးဆက်များကို လျှော့ချပေးနိုင်ရန် ရည်ရွယ်ပါသည်။

ဦးစားပေးနယ်ပယ်များ -

- ထိခိုက်ဆုံးရှုံးနိုင်ခြေကို အသိပေးခြင်း၊ ရပ်ရွာနှင့်ထိတွေ့ဆက်ဆံခြင်း
- အစိုးရ၏ စောင့်ကြည့်လေ့လာမှု၊ ရပ်ရွာအခြေပြု စောင့်ကြပ်မှုကို ကူညီပေးခြင်း
- စိတ်ပိုင်းဆိုင်ရာအားပေးကူညီပေးခြင်း

အဓိကဦးတည်အုပ်စု - ရွှေ့ပြောင်းအလုပ်သမားများ၊ သက်ကြီးရွယ်အိုများ နှင့် နာတာရှည်ရောဂါ ခံစားနေရသူများ၊ ယာယီခိုလှုံရာ စခန်းများနှင့် ပဋိပက္ခဖြစ်ပွားရာနယ်မြေများရှိလူများစသည့် ထိခိုက်အလွယ်ဆုံး သူများအပါအဝင် အထွေထွေလူဦးရေကို ဦးတည် ဆောင်ရွက်သည်။ MRCS ၏ လုပ်ငန်းဆောင်ရွက်မှုအားလုံးတွင် ကာကွယ်စောင့်ရှောက်မှု၊ ကျားမရေးရာနှင့် လူတိုင်းအကျုံးဝင်မှု ရှုထောင့်များကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

ခန့်မှန်းအချိန်ကာလ - ၈ လ (၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် - ၂၀၂၀ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့)

တောင်းဆိုသည့် ပမာဏ - CHF ၁,၂၂၆,၇၃၀

ဦးတည် ပြည်နယ်/တိုင်းဒေသကြီး - ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၇ ခုလုံး

မိတ်ဖက်များ - အသင်း၏ဥပဒေအရ လူသားချင်းစာနာမှုလုပ်ငန်းများတွင် အစိုးရ၏ အထောက်အပံ့အနေဖြင့် MRCS သည် နိုင်ငံအဆင့် တွင် သာမက ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့်များတွင်ပါ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပူးပေါင်းဆောင်ရွက်လျက် နိုင်ငံတွင်း COVID -19 အလားအလာရှိသော ကေ့စ်များ၏ အခြေအနေများနှင့်စပ်လျဉ်းသည့် နောက်ဆုံးရ သတင်းအချက်အလက်များကို ပုံမှန်ဖလှယ်လျက်ရှိသည်။ MRCS သည် ပုံမှန်စုစည်းဆောင်ရွက်မည့် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု ဆိုင်ရာ လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကိုလည်း ဖွဲ့စည်းပြီးဖြစ်သည်။

မှတ်ချက် - အတည်ပြုလူနာများ ပိုမိုများပြားလာသည့် အခြေအနေများကို ထင်ဟပ်နိုင်စေရန်အတွက် လက်ရှိကာလတွင် EPoA ကို ထပ်မံဆန်းစစ် သုံးသပ်လျက်ရှိသည်။

### (၂၀၂၀ ခုနှစ် မတ်လ ၂၄ ရက်ထိ တင်ပြခဲ့သော) MRCS COVID-19 ကိန်းဂဏန်းများ နှင့် အချက်အလက်များ

စုစည်းပြီး စေတနာ့ဝန်ထမ်း အရေအတွက်




တိုက်ရိုက်အကျိုးခံစားရသူ အရေအတွက်




ပါဝင်သော ဝန်ဆောင်မှုများ - ကျန်းမာရေး စောင့်ကြပ်ခြင်း၊ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို အသိပေးခြင်းနှင့် ရပ်ရွာနှင့် ထိတွေ့ ဆက်ဆံခြင်း၊ အသိပညာပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေး ကူညီမှုပေးခြင်း၊ လက်သန့်ဆေးရည်များနှင့် အကာအကွယ် ပစ္စည်းများ ဖြန့်ဝေပေးခြင်း၊ စေတနာလုပ် အားရှင်များ၊ ရည်ညွှန်းလွှဲပြောင်းသူများ နှင့် အခြားသက်ဆိုင်သူများအား ကပ်ရောဂါ ထိန်းချုပ်နည်းနည်းပြသင်တန်းပေးခြင်း။

၂၀၂၀ ခုနှစ် မတ်လ ၃၀ရက်နေ့ ည ၇ နာရီခွဲအထိရ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာနမှ နောက်ဆုံးရ စာရင်းများ

စောင့်ကြည့်လူနာ/သံသယလူနာ စုစုပေါင်း ၅၁၇ ဦး

ရောဂါရှိကြောင်း အတည်ပြုလူနာ ၁၄ ဦး

ဓါတ်ခွဲအတည်ပြုပိုးမတွေ့ လူနာ ၄၂၆ ဦး

ဓါတ်ခွဲအဖြေစောင့်ဆိုင်းဆဲ လူနာ ၇၇ ဦး

သတင်းရင်းမြစ် - Surveillance Dashboard. ကမ္ဘာလုံးဆိုင်ရာ ကိန်းဂဏန်းများကို လေ့လာရန် ယခုလင့်ခ်ကိုနှိပ်ပါ။ here.






### ကွင်းဆင်းလေ့လာမှုမှ ကြက်ခြေနီတို့၏ အသံများ

*"ကျွန်ုပ်သည် COVID-19 ဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဖြူးရာတွင် MoHS ကို ကူညီပေးရန်အတွက် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် စတင်လုပ်အားပေးခဲ့ပါသည်။ မတ်လ အစောပိုင်း၌ ရန်ကုန်မြို့တွင် ကျင်းပခဲ့သော MRCS ၏ ကပ်ရောဂါထိန်းချုပ်ရေး နည်းပြသင်တန်းကို တက်ရောက်ပြီး နောက်တွင် အသိပညာပေးရေး ကိုပါ ဆောင်ရွက်ခဲ့သော်လည်း လူတစ်ဦးချင်းအကွာအဝေး ခြားနား နေရာယူရမည့် အခြေအနေအရ အဖွဲ့ငယ်များဖြင့်သာ အသိပညာပေး ခဲ့ပါသည်။ ကျွန်တော်တို့ မည်သည့်နေရာကို သွားသွား လူတိုင်းက ယုံယုံကြည်ကြည်ပင် COVID-19 နှင့်စပ်လျဉ်းသည့် အကြံဉာဏ်များ တောင်းခံကြပါသည်။ ပုံနှိပ်ဆိုင်တစ်ခုကလည်း လူအများကို ဖြန့်ဝေပေးနိုင်စေရန် ကြက်ခြေနီစေတနာလုပ်အားရှင်များကို လက်ကမ်း စာစောင် ၁၀,၀၀၀ လှူဒါန်းခဲ့ပါသည်။ ကျွန်တော်တို့ ယခုထက်ပို အထောက်အပံ့များ ပိုရနိုင်ပါက ဒီထက်ပို၍ လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။"* ဦးအောင်မြင့်ဦး၊ ကြက်ခြေနီ စေတနာ လုပ်အားရှင် ဟင်္သာတ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။

### ရခိုင်ပြည်နယ်အတွင်း MRCS ၏ COVID-19 ဆိုင်ရာ စီစဉ်လုပ်ဆောင်မှုများ

MRCS သည် ရေ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စသည်တို့ပါဝင်သည့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်း မြင့်မားရေးဆိုင်ရာ ရေရှည်စီမံကိန်းများ သာမကအားဖြင့် ရခိုင်ပြည်နယ်ရှိ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများမှတဆင့် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက် ရေးအစီအစဉ်များအတွက် အခြေခံအုတ်မြစ်များကို ချမှတ်ဖော်ဆောင်ပြီးဖြစ်သည်။ အရေးကြီးဆောင်ရွက်ရမည့် နယ်ပယ်များမှာ ကျွမ်းကျင်သောဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များ ရရှိရေး နှင့် COVID-19 ရောဂါ ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများတွင် ရှိရင်းစွဲ မြို့နယ်နှင့် ရပ်ရွာလူထုအချိတ်အဆက်များကို လျှင်မြန်စွာ ထိတွေ့ ချိတ်ဆက် ဆောင်ရွက်နိုင်စွမ်း ရှိရန်ဖြစ်သည်။

လက်ရှိတွင် MoHS နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော MRCS သည် ဗိုင်းရပ်စ်ပိုး ပြန့်ပွားမှုကို တားဆီး ကာကွယ်ရန်နှင့် ရောဂါပြန့်ပွားမှု မရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများတွင် ဦးတည် ကျေးရွာများနှင့် မြို့နယ်တွင်း နေရာများသို့ အသိပညာပေးခြင်းနှင့် ကာကွယ်ရေး သတင်းစကားများ ဖြန့်ဝေပေးခြင်းတို့ ပါဝင်သည်။ ရခိုင်ပြည်နည်ရှိ MRCS ဝန်ထမ်းများနှင့် စေတနာလုပ်အားရှင်များ အနေဖြင့်လည်း MoHS နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက် ကပ်ရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ဆောင်မှုများကို ဆက်လက်ကူညီပံ့ပိုးသွားမည်ဖြစ်သည်။




### ပုဂ္ဂလိက ကဏ္ဍများ၏ COVID -19 ဆိုင်ရာ ဆောင်ရွက်ချက်များ

၂၀၂၀ ခုနှစ် မတ် ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံရှိ ကိုကာကိုလာ ကုမ္ပဏီအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ အသုံးပြုရန် တစ်ကိုယ်ရည် ကာကွယ်ရေးကိရိယာ (PPE) များကို ဝယ်ယူရန် MRCS အား ငွေကြေး ထောက်ပံ့ကူညီမည် ဖြစ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ သတင်းအချက်အလက်




### ကလေးသူငယ်များအတွက် COVID -19 စာစောင်

ကလေးသူငယ်များ စာစောင်တွင် ကိုရိုနာဗိုင်းရပ်စ်နှင့်စပ်လျဉ်းသည့် လေ့ကျင့်ခန်းများနှင့် အရေးကြီး သတင်းစကားများပါဝင်သည်။ ယင်းကို အသက် ၆ နှစ်အထက် ကလေးသူငယ်များအတွက် စီစဉ်ရေးဆွဲထားခြင်းဖြစ်သည်။ စာစောင်ကို ယခုလင့်ခ်ကို နှိပ်၍ လေ့လာနိုင်သည်။ here.

### အရင်းအမြစ်များနှင့် ဆက်သွယ်ရန်လိပ်စာများ

[Daily MoHS update on COVID-19](#)
[WHO global webpage on COVID-19](#)
[Daily MIMU update on COVID-19](#)
[IFRC COVID-19 additional graphics](#)
[Guidance note: Risk communication and CEA](#)

| | |
|---|---|
| ဒေါက်တာ နေထက်လင်း | ဂျိုးဇက်မူရမ်ဘို |
| ကျန်းမာရေးဌာန၊ ဒု-ညွှန်မှူး | စီမံကိန်းညှိနှိုင်းရေးမှူး |
| မြန်မာနိုင်ငံကြက်ခြေနီအသင်း | IFRC မြန်မာနိုင်ငံ ဌာနေရုံး |
| nayhtetlin@redcross.org.mm | joseph.muyambo@ifrc.org |
| +95 9 799 531 565 | +95 9 450 719 453 |

MRCS နှင့် ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များစီစဉ်သော အပတ်စဉ် COVID -19 နောက်ဆုံးရအချက်အလက်များစာစောင်၏ ပြီးခဲ့သည့် အပတ်စဉ်စာစောင်များကိုလေ့လာလိုပါက ယခုလင့်ခ်ကို နှိပ်ပါ။ here.